စစ်တန်းအုပ်စု၊ ရတနာအောင်ကျေးရွာ

ထီးချိုင့်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၀)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

စစ်တန်းအုပ်စု၊ရတနာအောင်ကျေးရွာ၊ ထီးချိုင့်မြို့နယ်
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ထီးချိုင့်မြို့နယ်မှကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ

မာတိကာ

မာတိကာ

စကားချီး ၅

ရတနာအောင်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ထီးချိုင့်မြို့နယ် ၇

ရတနာအောင်ကျေးရွာရာသီခွင်ပြမြေပုံ၊ထီးချိုင့်မြို့နယ် ၈

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလ သတ်မှတ်ချက်ဇယား ၉

ရတနာအောင်ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးကော်မတီအမည်စာရင်း ၁၀

၁။နိဒါန်း ၁၁

(က) ရည်ရွယ်ချက်

(ခ)နိုင်ငံ

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ ၁၂

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၂

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှုအခြေအနေ

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၄

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦ လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ ၁၆

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ ၁၇

(က) ဖွံ့ဖြိုးရေးပန်းတိုင်

(ခ) အကောင်အထည်ဖော်မည့်နည်းဗျူဟာ

နောက်ဆက်တွဲ ၁၈

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ ၂၂

ဇယား(၁) ရတနာအောင်ကျေးရွာ၏လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား(၃) လုပ်ငန်းနှင့် ကျား၊ မ အလိုက် အနည်းဆုံး လုပ်အားခနှုန်းထား

ဇယား(၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား(၅) ခါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား(၆) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား(၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား(၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား(၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား(၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

ဇယား(၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား(၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား(၁၇) သီးနှံထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား(၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ

ဇယား(၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား(၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား(၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား(၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ

ဇယား(၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့်အချိန်ကာလ

ဇယား(၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းရင်း

ဇယား(၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား(၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

ဇယား(၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား(၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲ အခက်အခဲများ

ဇယား(၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတက်မြောက်မှုနှုန်း

ဇယား(၃၁) ကျောင်းတက်နှုန်း

ဇယား(၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား(၃၃) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား(၃၄) အဖြစ်များသော ရောဂါများ

ဇယား(၃၅) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား(၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား(၃၇) သောက်သုံးရေရရှိမှု

ဇယား(၃၈) အိမ်သာအမျိုးအစား

ဇယား(၃၉) ကျား/မ ရေးရာ

ဇယား(၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား(၄၁) ကျေးရွာ၏တံတားတည်ရှိမှုအခြေအနေ

ဇယား(၄၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား(၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား(၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား(၄၅) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား(၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား(၄၇) ဘေးလင်းလုံခြုံရေး၊ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား(၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား ၆၄

ဦးစားပေးစီမံချက်လုပ်ငန်းများ ၆၇

နှစ်အလိုက်စီမံချက်လုပ်ငန်းများ ၆၉

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ခုနှစ်အထိ(၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို ကူညီပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်း များကို မသိခဲ့ကြပေ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းဆွေးနွေးငြင်းခုံရင်း အဖြေရှာကြရာ၌ ကူညီပံ့ပိုးပေးသည့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထပ်မံလိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ကြပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာနိုင်မည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်သင့်သည်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေစဉ်၌ပင် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းမှ ပြုပြင်ပြောင်းလဲမှုမှာ လုပ်ဆောင် သွားပါမည်။ ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ပံ့ပိုးမှုများ ဆက်လက်ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျော်လင့်ပါသည်။ နောင်တွင်လည်း ကျွန်ုပ်တို့ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင် မည်ဟု ယုံကြည်ပါသည်။


အောက်တိုဘာလ၊၂၀၂၀ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ရတနာအောင်ကျေးရွာ၊ ထီးချိုင့်မြို့နယ်

ရတနာအောင်ကျေးရွာ သယံဇာတပြမြေပုံ



ရတနာအောင်ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်



စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ် စစ်တန်းအုပ်စု၊ ရတနာအောင်ကျေးရွာ၏ ကျေးရွာရာသီခွင်ပြပြက္ခဒိန်

စဉ်	အကြောင်းအရာ	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီးတင်းကျွတ်	တန်ဆောင်းမုန်း	နတ်တော်	ပြာသိုလ်	တပို့တွဲ	တပေါင်း
၁	စိုက်ပျိုးရေး	နွေစပါး ပဲမျိုးစုံ ရိတ်သိမ်း	နွေစပါး ပဲမျိုးစုံ ရိတ်သိမ်း	ပျိုးကြဲ	မိုးစပါးစိုက်	မိုးစပါးစိုက်	မိုးစပါးစိုက်	ပဲမျိုးစုံ စိုက်	မိုးစပါးရိတ်သိမ်း ပဲမျိုးစုံစိုက်	မြေပဲစိုက်	နွေ၊ စပါး စိုက်	ပဲမျိုးစုံ ရိတ်သိမ်း	ပဲမျိုးစုံ ရိတ်သိမ်း
၂	မွေးမြူရေး	-	ဝက်တုတ်ကွေး၊ နားရွက်ပြာ	ဝက်တုတ်ကွေး၊ နားရွက်ပြာ	-	-	ခွာနာ၊လျှာနာ	ခွာနာ၊လျှာနာ	-	-	-	-	-
၃	ကျန်းမာရေး	-	-	-	ငှက်ဖျားတုတ်ကွေး	ငှက်ဖျားတုတ်ကွေး	-	-	-	-	-	-	-
၄	ပညာရေး	မြေစကူးလိပ်သင်ကြားခြင်း	မြေစကူးလိပ်	ကျောင်းဖွင့်	ကျောင်းသား	ကျောင်းသား	ကျောင်းသား	ကျောင်းသား သီတင်းကျွတ်ကျောင်းပိတ်	ကျောင်းသား	ဒီဇင်ဘာကျောင်းပိတ်	ကျောင်းသား	ကျောင်းသား	ကျောင်းသား မြေစကူးလိပ်
၅	ရာသီဥတု	နေပူ	နေပူ	နေပူ မိုးရွာ	မိုးရွာ	မိုးရွာ	မိုးရွာ	မိုးရွာ နှင်းကျ	နှင်းကျ	နှင်းကျ	နှင်းကျ	နှင်းကျ	နေပူ
၆	ပွဲတော်	သင်္ကြန်ပွဲ	ဩင်ရေသွန်းပွဲ	-	ဝါဆိုသင်္ကန်းကပ်ပွဲ	-	-	သီးတင်းကျွတ်မီးထွန်းပွဲ	ကထိန်ပွဲ	-	-	ထမနဲပွဲ	-
၇	တောင်သူဝင်ငွေ	○○○○○	○○○○○	-	-	-	-	-	-	○○○○○ ○○○○○	○○○○○ ○○	○○○○○ ○	○○○○○ ○○○○○
၈	တောင်သူထွက်ငွေ	○○○○○ ○	○○○○○ ○	○○	○○○○○	○○○○○	○○○○○	○○○○○ ○	○	○○○○○	○○○○○	○○○○○	○○○○○
၉	နေ့စားဝင်ငွေ	○	○	○	○	○	○	○	○	○	○	○	○
၁၀	နေ့စားထွက်ငွေ	○	○	○	○	○	○	○	○	○	○	○	○

48MP AI QUAD CAMERA

ထီးချိုင့်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

စစ်တန်းကျေးရွာအုပ်စု၊ ရတနာအောင်ကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ချက်ဇယား

စဉ်	အဆိုပြုစီမံချက်အမည်	ဦးစားပေးအဆင့်	၁၉-၂၀	၂၀-၂၁	၂၂-၂၃	၂၃-၂၄	၂၄-၂၅
၁	၄၀၀ ဗို့ ဓါတ်အားလိုင်းတည်ဆောက်ခြင်း	၁					
၂	နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း(RC)	၂					
၃	ကွန်ကရစ်လမ်းခင်းခြင်း	၃					
၄	ကျေးရွာတွင်းခန်းမတည်ဆောက်ခြင်း	၄					
၅	စက်ရေတွင်းတူးဖော်ခြင်း(စိုက်ပျိုးရေး)	၅					

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)လုပ်ငန်းဆောင်ရွက်မည့်
ရတနာအောင် ကျေးရွာ၏ ကော်မတီဝင်စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးဇော်ဦး	ဦးစံဖဲ	၅/ထခန(နိုင်)၀၄၆၁၅	၄၄	ဥက္ကဋ္ဌ	၀၉-၄၄၅၁၈၈၅၀၀
၂	ဦးစိန်ဝင်း	ဦးရီ	၅/ထခန(နိုင်)၀၀၃၆၃၉	၅၁	တွင်း/မှူး	၀၉-၄၄၄၁၃၄၈၈
၃	ဦးအောင်နိုင်ဝင်း	ဦးသန်းဟန်	၅/ထခန(နိုင်)၀၀၄၆၁၂၂	၄၅	ဘဏ္ဍာရေးမှူး	၀၉-၄၀၁၈၉၃၇၉၉
၄	ဦးသိန်းမြင့်	ဦးနီ	၅/ထခန(နိုင်)၀၀၃၉၁၂	၅၂	စာရင်းကိုင်	၀၉-၂၅၆၁၉၃၁၇၄
၅	ဒေါမျိုးသန္တာထွန်း	ဦးကျော်မင်း	၅/ထခန(နိုင်)၁၀၆၆၀၆	၁၉	အဖွဲ့ဝင်	၀၉-၄၂၁၄၅၈၀၈၂
၆	ဒေါအိမေဇင်လိုင်	ဦးအောင်ဝင်း	၅/ထခန(နိုင်)၀၇၅၀၂၅	၂၆	အဖွဲ့ဝင်	-
၇	ဒေါသန္တာဝင်း	ဦးတင်ငွေ	၅/ထခန(နိုင်)၀၄၈၄၂၈	၂၉	အဖွဲ့ဝင်	-

(၁) နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထု ကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။

ဤကဲ့သို့ အစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်းသတင်းအချက် အလက်များပြုစုရန် အရေးကြီးပုံကို သိလာကြပါသည်။

၎င်းအချက်အလက်များကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည့်တို့ထံမှ လိုအပ်သော ကိန်းဂဏန်းများ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်း သိရှိမိလာပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၌ လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ ကြုံတွေ့နေရ သော ပြဿနာများ ထိုပြဿနာများ ဖြစ်ရသည် အရင်းခံအချက်များဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ စိန်ခေါ်မှုများကို အောင်မြင်မှုရရှိရန်အတွက် ရည်မှန်းချက်များ ရည်ရွယ်ချက်များရရှိရန် ရှင်းလင်းဖော်ပြထားပါသည်။ ထို့အပြင် ဦးစားပေးလုပ်ငန်း များ လုပ်ဆောင်ရန်လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် နည်းလမ်းကောင်းများကိုလည်း ဖော်ပြထားပါသည်။

ဤကဲ့သို့ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းစဉ်ရေးဆွဲခြင်းဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ် ဖက်များဖြစ်သော အစိုးရဌာနများ အစိုးရမဟုတ်သောအဖွဲ့အစည်းများ အရပ်ဖက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ သတင်းနှင့်ပြည်သူဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုရစေပြီး ကျေးရွာဖွံ့ဖြိုး ရေးနှင့်ပတ်သက်မှုမှန်သမျှတို့သည် ဤအစီစဉ်မှတ်တမ်း၏ အသုံးဝင်မှုကိုသိရှိစေရန် ရည်ရွယ်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းစဉ်များရေးဆွဲပြီး မြို့နယ် အဆင့်ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အတန်းရှိ အဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။သို့မှသာ ပုဂ္ဂလိကကဏ္ဍအဖွဲ့အများ၊ အစိုးရမဟုတ်သော(NGO)အဖွဲ့များ အလှူရှင်အဖွဲ့ အစည်းများ ဘဏ်လုပ်ငန်းရှင်နှင့် အသေးစားချေးငွေလုပ်ငန်းရှင်များတို့မှ ကျေးရွာလူထု၏အမှန် တကယ်လိုအပ်ချက်များ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ကျေးလက်ဒေသရှိ ငွေကြေးလိုအပ်ချက် နည်းပညာလိုအပ်ချက်များကို ချိတ်ဆက်၍ ရရှိလာနိုင်မည်ဖြစ်ပြီး ၎င်းတို့အချင်းချင်းပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစည်း ညှိနှိုင်းစီစဉ်မှုများ ပြုလုပ်လာနိုင်ပါသည်။

(ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတခုအတွင်းကျွန်ုပ်တို့ကိုယ်တိုင်တက်နိုင်သောငွေကြေး၊ အစို:ရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုကို လူထုပါဝင်၍ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်အားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးရေးကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများ ကြုံတွေ့နိုင်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည်စုံမှုပေါ်မူတည်၍ နောင်တွင်လည်း တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ထီးချိုင့်မြို့၏တောင်ဘက်(၄)မိုင်အကွာတွင် တည်ရှိ၍ မြေပြန့်မြေနုကျွန်းဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းအား အဓိကအသက်မွေးဝမ်းကျောင်းအဖြစ်လုပ်ကိုင်ကြပါသည်။ တစ်နှစ်ပျမ်းမျှမိုးရေချိန် (၆၀)နှင့်(၈၀")ဝန်းကျင် ရှိပါသည်။ကျေးရွာသည် ဧရာဝတီမြစ်ရေကြီးပါက နူန်းတင်မြေနုများပို့ချသောကြောင့် နှစ်စဉ်သီးနှံများ စိုက်ပျိုးမှုဆောင်ရွက်နိုင်ပါသည်။

(ခ) သဘာဝအရင်းအမြစ်

မြေနုကျွန်းများဖြစ်ကာ မြေပြန့်ဒေသဖြစ်ပြီး မြေဆီမြေဩဇာကောင်းမွန်ပါသည်။ မြစ်ရေကျချိန်မှစိုက်ပျိုးရသောကြောင့် တစ်သီးစားပဲ တစ်မျိုးတည်းပဲ အဓိက စိုက်ပျိုးကြပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာသည် အိမ်ခြေ(၈၄)စုရှိပြီး လူဦးရေ ကျား/မ စုစုပေါင်း(၃၆၂)ဦး:ရှိ၍ တစ်အိမ်ထောင်လျှင်ပျမ်းမျှ(၄)ယောက်နှုန်းရှိပါသည်။ အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာလူဦးရေ၏(၇၂%)ခန့်ရှိ၍ လူသားအရင်းအမြစ်ပေါများသည်ဟု ယူဆနိုင်ပါသည်။ ဗမာလူမျိုးများနေထိုင်ကြပြီး(၆၅)နှစ်အထက်သက်ကြီးရွယ်အို ကျား/မ(၁၀)ရှိသော်လည်း မိသားစုနှင့် အတူတကွ နေထိုင်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏အနေထားမှာ အဆင့်အတင့်မျှသာဖြစ်ပါသည်။ ဆင်းရဲချမ်းသာဥစ္စာခနသတ်မှတ်မှုတွင်လည်း အဆင့်(၃)မျိုးသာ သတ်မှတ်ရန် ကျေးရွာလုံးကျွတ်အစည်းအဝေး၌ အတည်ပြုဆုံးဖြတ်ခဲ့ကြပါသည်။အဆင်ပြေသော(A)အဆင့်တွင် ကျေးရွာရှိ အိမ်ထောင်စု၏(၁၇%)ကျော်ရှိပြီး အလယ်အလတ်အဆင့်(B)တွင် ကျေးရွာရှိ(၂၀%)သာရှိပြီး မပြေလည်သောအဆင့်(C)၌ ကျေးရွာအိမ်ထောင်စု၏(၄၅%)ကျော်ရှိ၍ ကျေးရွာ၌ မပြေလည်သော အိမ်ထောင်စုဝင်များသည် ကျေးရွာရှိ အိမ်ထောင်စုပေါင်း၏ ထက်ဝက်ကျော်ခန့်ရှိနေပါသည်။ကျေးရွာ တွင် ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နိုင်သော အိမ်ထောင်စု(၄၀)စု စိုက်ပျိုးရေးအင်းလုပ်ကိုင် သော အိမ်ထောင်စု(၄၄)စုရှိပြီး အချို့ညီမျှသော်လည်း ကျေးရွာတွင် တောင်သူကြီးစာရင်းဝင် အိမ်ထောင် စု(၁၅)စုသာရှိပြီး လက်လုပ်လက်စားများအတွက် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးကြပါသည်။ အမျိုးသားနှင့်အမျိုးသမီးများသည်နေ့ထွက်လုပ်အားခရရှိမှုတွင် အများဆုံး ကျား(၇၀၀၀/-)မ(၅၀၀၀/-) နှင့် အနည်းဆုံး ကျား(၅၀၀၀/-)၊ မ(၄၀၀၀/-)ကျပ် ရရှိကြပါသည်။

ကျေးရွာတွင် ပြည်တွင်းရွှေ့ပြောင်းသွားလာ၍ လုပ်ကိုင်စားသောက်သော အိမ်ထောင်စုမရှိပါ။ ပြည်ပသို့ သွားရောက်၍ လုပ်ကိုင်သော ကျား(၁)ဦးမှာမူ ထိုင်းနိုင်ငံသို့ အခြေခံလုပ်သားအဖြစ် သွားရောက်လုပ်ကိုင်ကြခြင်းဖြစ်ပြီး ၎င်း၏မိသားစုအား ဘဏ်မှတဆင့်ငွေပို့ပေးပါသည်။ ပြည်ပ ထွက်ခွာလုပ်ကိုင်သူ၏မိသားစုဝင်များသည် စီးပွားရေးအခြေအနေပိုမိုကောင်းမွန်လာပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာရှိ အိမ်ခြေအိမ်ထောင်စု(၈၄)ရှိသည့်အနက် အဆင်မပြေသော အိမ်ထောင်စု(၄၄)ရှိမည့် အတွက် ကျေးရွာသည် ပြည့်စုံမှုအားနည်းပါသည်။ အဆင်မပြေသော အိမ်ထောင်စုများသည် ထမင်းနပ် မှန်အောင်စားနိုင်ကြသော်လည်း အိမ်ထောင်စု(၁၅)စုခန့်သည် (၃)လအောက်ဝမ်းစာဖူလုံမှုအတွက် လုပ်အားခကြိုတင်ယူရသော အခြေအနေမျိုးရှိပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ကူးဆက်ရောဂါများ မရှိပါ။ အသင့်စားအစားအစာများ အလွယ်တကူဝယ်ယူစား သောက်မှု ပုံစံပြောင်းလဲလာကြသဖြင့် ဆီးချိုသွေးချို၊ အသည်းရောဂါများ အနည်းငယ်ဖြစ်ပွားမှု ရှိပါ သည်။ ကျေးရွာသည် မြို့နှင့်(၄)မိုင်ကွာဝေးသည့်အတွက် ကျန်းမာရေးအတွက် သွားလာရေး လွန်စွာခက် ခဲပါသည်။

ကျေးရွာတွင် လက်နှိပ်တုံကင်တွင်းများကိုမူ သုံးရေချိုးရေ ကျွဲနွားသောက်သုံးရေအဖြစ် အသုံးပြု ကြပါသည်။ သန့်ရှင်းသော ယင်လုံအိမ်(၁၀)လုံးနှင့် တွင်းဇလား အိမ်သာ(၃၀)လုံးရှိပြီး ကျန်အိမ် ထောင်စု(၁)စု ဆွေမျိုးများနှင့် တွဲဘက်အသုံးပြုကြပါသည်။

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာတွင် တက္ကသိုလ်၊ ကောလိပ်အဆင့်ပညာတက်ဦးရေရှားပါးခြင်းကြောင့် စီးပွားရေး

အမျော်အမြင်နည်းပါးပြီးခေတ်နှင့်အညီ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မှု အားနည်းခြင်း ဥပဒေနားလည်မှုမရှိခြင်းတို့ကြောင့် ကျေးရွာဖွံ့ဖြိုးမှု အားနည်းနေပါသည်။ ကျေးရွာတွင် မူလွန်ကျောင်း သာရှိသော်လည်း အလယ်တန်း၊ အထက်တန်းပညာအား(၄)မိုင်ကွာဝေးသဖြင့် မြို့ကျောင်း၌ တက်ရောက်သင်ကြားကြရသည်။ သို့သော် ကျေးရွာ၌ ငွေကြေးချို့တဲ့သူများအနေဖြင့် မူလတန်းပညာပြီး မြောက်ပါက အလယ်တန်းပညာသင်ကြားရန်ခက်ခဲ၍ ကျောင်းထွက်နှုန်းများပြားပါသည်။ မိဘများ အသိပညာနည်းပါး၍ ပညာရေးအားမပေးပဲ လုပ်ငန်းခွင်ခိုင်းစေရန် ကျောင်းထွက်ခိုင်းကြပါသည်။ ကျေးရွာတွင် လက်ရှိအခြေအနေ၌ မူလတန်းလွန် ပညာသင်ကြားနေသူ(၅၃)ဦးရှိပြီး အစိုးရခန့်ဆရာမ (၆)ဦးရှိ၍ ဆရာလုံလောက်မှု အားနည်းပါသည်။ ကျေးရွာသူ/သားများအနေဖြင့် လက်မှုပညာကျွမ်းကျင် မှု အားနည်းပါသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာ၌ ကျား/မခွဲခြားဆက်ဆံရေးပြင်းထန်မှုများ မရှိပါ။ အမျိုးသမီးအကြမ်းဖက်မှုများနှင့် သက်ဆိုင်သောဥပဒေနှင့် တရားမျှတမှုဆိုင်ရာအတွက် လူထုအသိအမြင်ရှိမှုလည်း အားနည်းပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာအတွင်း၌ ပရဟိတအဖွဲ့အစည်းအား အမျိုးသား(၁၅)ဦး၊အမျိုးသမီး(၁၀)ဦး စုစုပေါင်း လူဦးရေ(၂၅)ဦးဖြင့် စတင်ဖွဲ့စည်းထားရှိပြီး ကျေးရွာ၏ ပညာရေး၊ကျန်းမာရေးကိစရပ်များ၌ ကူညီ ဆောင်ရွက်ရန် စီမံဆောင်ရွက်လျက် ရှိပါသည်။

(ခ) သီးနှံနှင့်သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် ကိုင်း၊ ကျွန်းမြေစုစုပေါင်း(၆၁၀)ဧကသာရှိသဖြင့် ကိုယ်ပိုင်တောင်သူ အိမ်ထောင်စု (၅၀)စုရှိရာ တစ်ဦးလျှင်(၁၂)ဧကခန့်သာရှိသဖြင့် ကိုယ်ပိုင်တောင်သူလုပ်ငန်းဖြင့် အသက်မွေးဝမ်း ကျောင်းသူများသည်လည်း စီးပွားရေးသင့်တင့်ရုံမျှသာ ပြေလည်ကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများအနေဖြင့် ပဲနှပ် လုပ်ငန်းများအပြင် ပန်းရံ၊ လက်သမား၊ အင်္ဂါးလိုက်ခြင်းတို့ ဖြစ်သည်။ ချမ်းသာရန်အလားလာမရှိသော်လည်း စားသောက်နိုင်ရန် ကျေးရွာတွင်း၌ပင် လုပ်ကိုင်စားသောက်နိုင်ပါသည်။

(ဃ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းများ၌ ဖျက်ပိုးများကျရောက်ပါက ခါတုပိုးသတ်ဆေးများ အလွယ်တကူ အသုံးပြုရသဖြင့် ရေရှည်တွင် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်ပါသည်။

(ငါ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေကို (၁)ဧက (၁)သိန်းနှုန်းဖြင့် အများဆုံး(၁၀)ဧကအတွက် ချေးယူနိုင်ကြပါသည်။ ကျေးရွာတွင် သမဝါယမအသင်း ဝင်(၃၀)ခန့်ရှိပြီး ပုံမှန်လည်ပတ်လျှက်ရှိပါသည်။

ကျေးရွာသူ/သားများသည် ချေးငွေကို ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးတို့အတွက် ချေးယူကြပြီး ဆင်းရဲသော အိမ်ထောင်စုအဖြစ် ခံယူထားသော အိမ်ထောင်စု(၃၀)သည် အကြွေးရှိကြပြီး အကြွေးငွေ(၄)သိန်းအောက်ရှိကြောင်း လေ့လာသိရှိရပါသည်။

ကျေးရွာတွင် လက်ရှိအချိန်၌ မူလတန်းနှင့်အလယ်တန်းပညာသင်ကြားနေသူ ကျား/မပေါင်း (၅၃)ဦးရှိပြီး အစိုးရခန့် ဆရာမ(၆)ဦးရှိသည့်အတွက် ဆရာလုံလောက်လိုအပ်နေပါသည်။ မူလတန်း ကျောင်းဆောင်သည် ခြေတံရှည် သွပ်မိုး၊ ပျဉ်ကာဖြစ်ပြီး ဧရိယာစတုရန်းပေ(၂၀၀၀)ရှိပါသည်။ လက်ရှိ အချိန်တွင် အလယ်တန်း(၂၅)ဦး၊ အထက်တန်း(၇)ဦး၊ တက္ကသိုလ်ကောလိပ်(၇)ဦး ပညာသင်ကြားလျှက် ရှိသည့်အတွက် ကျေးရွာတွင် ကျောင်းတက်နှုန်းစုစုပေါင်း(၇၂)ဦး ရှိပါသည်။

ကျေးရွာတွင် အုပ်စုဆေးပေးခန်းရှိသော်လည်း မြို့နှင့်ဝေးကွာသောကြောင်း ကျန်းမာရေး အတွက် စိုးရိမ်မှုရှိပါသည်။

(စ) ပညာရေး၊ ကျန်းမာရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ယခင်က မူလတန်းကျောင်းသာရှိသော်လည်း ယခု(၂၀၀၃-၂၀၀၄) ပညာသင်နှစ် များမှစပြီး မူလွန်ကျောင်းရရှိပြီး အလယ်တန်းအဆင့်သင်ကြားခွင့်ရကြပါသည်။အထက်တန်းပညာကို ကျေးရွာနှင့်(၂)မိုင်ခန့်ဝေးသော ထီးချိုင့်မြို့(အ.ထ.က)ကျောင်းမှာ ဆက်တက်ကြရပါသည်။ကျောင်း သူ/သားများသည် စက်ဘီး၊ စက်လှေများနှင့် ရာသီဥတုပေါ်မူတည်၍ အဆင်ပြေသလို တက်ရောက်၍ ပညာသင်ကြားကြရပါသည်။ ဘွဲ့ရပညာတက်များ အသင့်အတင့်ရှိလာပြီး စာမတတ်သူများကတော့ မရှိ သလောက်ဖြစ်ပါသည်။ စာမတတ်သူများမှာ ပေါသွတ်သူများနှင့် အသုံးလုံးသင်ဖူးသူများ ဖြစ်ကြပါသည်။ ကျန်းမာရေးအခြေအနေမှာလည်း ယခင်က ငှက်ဖျားရောဂါနှင့် သွေးလွန်တုတ်ကွေးရောဂါ၊ တီဘီရောဂါ အသင့်အတင့်ရှိခဲ့သော်လည်း မြို့နယ်ကျန်းမာရေးဌာနမှ ဆေးစိမ်ခြင်ထောင်များ အခမဲ့ပေး ဝေခြင်းများ ကျေးဇူးကြောင့် အသိပညာများရရှိပြီး ယခုအခါတွင် ရောဂါဖြစ်ပွားမှု အလွန်နည်းသွား ပါသည်။ အနီးရှိ အုပ်စုဆေးပေးခန်းရှိ၍လည်း အဆင်ပြေပါသည်။ မြို့နယ်ဆေးရုံနှင့် အလွန်မဝေးသော ကြောင့် အချိန်မီ ကုသနိုင်ပါသည်။ ကျေးရွာတွင် သောက်သုံးရေအတွက် အဝီစီစက်တပ်(၄၄)လုံးနှင့် အဝီစီတုံကင်(၄၉၂) တွင်းရှိသည့်အတွက် သောက်သုံးရေအတွက် အဆင်ပြေကြပါသည်။ ကျေးရွာတွင် အိမ်သာနှင့်ပတ်သက်လို့ အိမ်တိုင်းနီးပါးရှိသောကြောင့် ရောဂါဖြစ်ပွားမှုနှုန်း နည်းပါးပါသည်။

ကျောင်းကျန်းမာရေးအနေဖြင့် အိမ်သာအပြည့်အစုံရှိပြီး ကျောင်းဝင်းအတွင်းမြေအောက်ရေရရှိ

သောကြောင့် အခက်အခဲမရှိပဲ အားလုံးအဆင်ပြေကြပါသည်။ သို့ဖြစ်ပါ၍ ရေနှင့်ပတ်သက်သောရောဂါ၊ အိမ်သာနှင့် ပတ်သက်သောရောဂါများ တစ်ရွာလုံးကင်းဝေးကြပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

ကျေးရွာတွင် လူငယ်များအနေဖြင့် ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှုအမွေနှစ်များ ထိန်းသိမ်းစောင့်ရှောက်မှု အားနည်းကြပါသည်။ ကျေးရွာ၌ လူငယ်များသည် ဖုန်းကြည့်ရန်သာ အားသန်နေကြပါသည်။

(ဇ) အခြေခံအဆောက်အဦး လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာတွင် လူနေအိမ်များ၊ အဆောက်အဦးများသည် သစ်ဝါးများဖြင့် ဆောက်လုပ်နေထိုင်ကြပါသည်။ လူနေမှု အသင့်အတင့်ကောင်းမွန်ပါသည်။ ရွာတွင်လမ်းများမှာ နွေပိုင်း၊ ဆောင်းပိုင်းများမှာ သင့်တင့်စွာကောင်းသော်လည်း မိုးတွင်း၌ ရေများ၊ ဗွက်များဖြစ်သောကြောင့် သွားရေးလာရေးအခက်အခဲရှိပါသည်။ လျှပ်စစ်မီးမရရှိသေးပါ။

ယခင်ကပေးထေားသော ဆိုလာမီးများဖြင့် အဆင်ပြေကြသော်လည်း ယခုအခါနှစ်များကြာလာသည့်အတွက် သင့်တင့်မျှတရုံသာ သုံးစွဲကြရပါသည်။

ကျေးရွာတွင်းရှိ သတင်းအချက်အလက်များအနေဖြင့် မိုဘိုင်းဖုန်းများကို အသုံးပြုကြပြီး တာဝါတိုင်များရှိခြင်းကြောင့် ဆက်သွယ်မှုကောင်းမွန်ပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် မှုခင်းဖြစ်ပွားမှုနည်းပါးပါသည်။ မြို့နှင့် အလှမ်းမကွာဝေးသဖြင့် ရဲဘက်ဆိုင်ရာဝန်ဆောင်မှု ခက်ခဲလှပါသည်။ လက်ရှိအချိန်တွင် ကျေးရွာ၌ တည်ငြိမ်အေးချမ်း၍ ပြည်သူများ လုံခြုံမှုရှိနေပါသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ

ကျေးရွာသည်(၂၄)နာရီ လျှပ်စစ်မီး မရရှိသေးပါ။ ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သည့်အရွယ် မှာ ကျေးရွာလူဦးရေ၏(၅၀%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်များသည်ဟုလည်း ယူဆနိုင်ပါသည်။

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

ကျေးရွာသည် မြစ်ရေကြီးချိန်၌ ကျောင်းသားလူငယ်များ ကျောင်းတက်ကြရသည်မှာ လွန်စွာအန္တရာယ်နှင့်ကြုံတွေ့နေကြပါသည်။

၆။ ပန်းတိုင်နှင့် ဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်း၍လာမည့်(၅)နှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(၁) (၂၄)နာရီ လျှပ်စစ်မီးလင်းရေးအတွက်(100 KVA)ထရန်စဖော်မာ တပ်ဆင်ဆောင်ရွက်ရန်။

(၂) ကျေးရွာတွင်း ကျောက်ချောလမ်းခင်းခြင်း

(၃) ကျေးရွာပိုင် မူကြိုကျောင်းဆောက်ရန်။

(ခ) အကောင်အထည်ဖော်မည့်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင် ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိစေရန် အောက်ပါအတိုင်းအကောင်အထည်ဖော်ဆောင်ရွက်သွားပါမည် -

(၁) ကျွန်ုပ်တို့ကျေးရွာသည် တံတားများ၊ လမ်းများကို လက်ရှိအနေထားထက်ပိုမိုကောင်းမွန်စေရန် ရွာလူထုလုပ်အားနှင့်သော်လည်းကောင်း၊ လွတ်တော်ထောက်ပံ့ငွေများနှင့် သော်လည်းကောင်း အလှူရှင်များ ရှာဖွေ၍သော်လည်းကောင်း နှစ်စဉ်နှစ်တိုင်း ပြုပြင်ဆောင်ရွက်သွားမည်။

(၂) ကျေးရွာရှိ လိုအပ်လျက်ရှိသော ကျောင်းဆောင်နှင့် ကျောင်းအခန်းကန့်များကို ပညာရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ တည်ဆောက်သွားမည်။

(၃) ကျွန်ုပ်တို့ရွာ၏ လူမှုရေးလုပ်ငန်းများကို ဌာနများနှင့်သော်လည်းကောင်း၊ လူမှုရေးအဖွဲ့အစည်းနှင့်သော်လည်းကောင်း၊ ကျေးရွာလူထုလုပ်အား ငွေအားဖြင့် ဆောင်ရွက်မည်။

၁၀။ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စု – စစ်တန်းအုပ်စု		ကျေးရွာအမည် – ရတနာအောင်ကျေးရွာ		
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	သက်ဆိုင်ရာအဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု စာရင်းကိုင်စသည် ဆောင်ရွက်ခြင်း	
၂	စိုက်ပျိုးရေး	နည်းပညာ	သဘာဝဓါတ်မြေဩဇာထုတ်လုပ်ခြင်း သင်တန်းများဖွင့်လှစ်ပေးခြင်း	
၃	စိုက်ပျိုးရေး	နည်းပညာ	မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း	
၄	စိုက်ပျိုးရေး	နည်းပညာ	ပိုးမွှားရောဂါကာကွယ်နှိမ်နှင်းနည်းပညာသင်တန်း ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း	
၅	စိုက်ပျိုးရေး	ဈေးကွက်	ဈေးကွက်ဆန်းစစ်ခြင်းနှင့် တန်းဖိုးမြင့်ထုတ်ကုန်ဈေးကွက်သို့ တက်လှမ်းခြင်း	
၆	စိုက်ပျိုးရေး	ဈေးကွက်	စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်ရန် စီးပွားရေးအမြင်ဖွင့်သင်တန်းများ ပြုလုပ်ခြင်း	
၇	မွေးမြူရေးနှင့်ငါးလုပ်ငန်း မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မြို့နယ်မွေးကုဋ္ဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်း သင်တန်းများနှင့် ဝန်ဆောင်မှုများရရှိရန် ချိတ်ဆက်ခြင်း	
၈	မွေးမြူရေးနှင့်ငါးလုပ်ငန်း	တိရိစ္ဆာန်မွေးမြူရေး	မွေးမြူရေး ထုတ်ကုန်ဈေးကွက် ရှာဖွေချိတ်ဆက်ခြင်း	

	မွေးမြူရေးဆေးပညာ			
၉	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ ဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMIE	အသေးစာ၊ အလတ်စား၊ စီးပွာရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း	
၁၀	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ ဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMIE	ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်းနည်းပညာ သင်တန်းများ စီစဉ်ခြင်း(ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့်မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်)	
၁၁	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ ဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMIE	ထုတ်ကုန်များအတွက် စုပေါင်းဈေးကွက်ရှာဖွေခြင်း	
၁၂	ငွေကြေး	အသေးစား	အသေးစားအလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေများ ရရှိနိုင်မည် လိုအပ်ချက်များ ပြင်ဆင်ခြင်း	
၁၃	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဆေးပေးခန်းကာကွယ်ဆေးထိုးခြင်း	ရာသီအလိုက် ကျန်းမာရေး အသိပညာပေးဟောပြောပွဲများ ပုံမှန်ပြုလုပ်နိုင်ခြင်း	
၁၄	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဆေးပေးခန်းကာကွယ်ဆေးထိုးခြင်း	ကျောင်းတွင်း၊ ကျောင်းပြင်ပ ကျန်းမာရေးအထောက်အကူပြု သင်တန်းများ ပစ္စည်းများ စီမံဆောင်ရွက်ခြင်း	
၁၅	ပညာရေး	ကျောင်းအဆောက်အဦပရိဘောဂ၊ သင်ထောက်ကူ	(၁၂၀ x၃၀ x၁၂) ကျောင်းဆောင် အခန်းကန့်ခြင်း	
၁၆	ပညာရေး	ကျောင်းအဆောက်အဦပရိဘောဂ၊ သင်ထောက်ကူ	ဝန်ထမ်းဆောင်များ ဆောက်လုပ်ပေးခြင်း	
၁၇	ပညာရေး	ကျောင်းအဆောက်အဦပရိ	ကလေးများအတွက် KGကျောင်းဆောင် ဆောက်လုပ်ခြင်း	

		ဘောဂ၊ သင်ထောက်ကူ		
၁၈	ပညာရေး	ကျောင်းအဆောက်အဦပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းဝန်းခြံစည်းရိုး အုပ်တတိုင်းခတ်ခြင်း	
၁၉	ပညာရေး	ကျောင်းအဆောက်အဦပရိဘောဂ၊ သင်ထောက်ကူ	သင်ထောက်ကူပစ္စည်များနှင့် ကျောင်းသုံးပရိဘောဂပစ္စည်း	
၂၀	ပညာရေး	ကျောင်းအဆောက်အဦပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းသား/သူများနှင့် ဝန်ထမ်းများ သောက်သုံးရေ ကျန်းမာရေးနှင့်ညီညွတ်သော ရေသန့်ရရှိရန်	
၂၁	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ရွာဦးကျေးရွာချင်းဆက်လမ်း၊ ကျေးလက်လမ်းစာရင်း မပေါက်သေးသော လမ်း(၅၀၀'×၁၄'×၂')အား ဂျင်းမြေခင်းခြင်း	
၂၂	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ရွာတွင်းဘီးနှင်းကွန်ကရစ်လမ်းများ တည်ဆောက်ခြင်း	
၂၃	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ကျေးရွာတွင်း ရာသီမရွေး သွားလာနိုင်သော မြေသား/ဂျင်းလမ်းများဆောင်ရွက်ခြင်း	
၂၄	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ကျေးရွာချင်းဆက်လမ်းစာရင်း မပါသော ကျေးလက်လမ်းအား အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ပေးခြင်း	
၂၅	လူငယ်နှင့်အားကစား	အားကစား	အား/ကာဒိုးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစားပစ္စည်းများဖြည့်တင်းခြင်း	
၂၆	လူငယ်နှင့်အားကစား	လူငယ်အခွင့်အလမ်း	ယာဉ်စည်းကမ်း/လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲများပြုလုပ်ပေးခြင်း	
၂၇	လူငယ်နှင့်အားကစား	အားကစား	အားကစားဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးခြင်း	
၂၈	သံယံဇာတနှင့်ပတ်ဝန်းကျင်	သဘာဝဘေးလျော့ချရေး	သဘာဝဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ အသိပညာပေးဆွေး	

			နွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအား ချိတ်ဆက်ခြင်း	
၂၉	လူငယ်နှင့်အားကစား	လူငယ်နှင့်အခွင့်အလမ်း	လက်ရှိလူငယ်အဖွဲ့အား စွမ်းဆောင်ရည်မြင့်တင်ရေး သင်တန်းများ စီစဉ်ခြင်း	

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) ရတနာအောင်ကျေးရွာ၏လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၅	၂	၇
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၂၀	၁၈	၃၈
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၁	၁၁	၃၃
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၃	၁၂	၂၅
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၂၀	၁၃၀	၂၅၀
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၄	၆	၁၀
စုစုပေါင်း		၁၈၃	၁၇၉	၃၆၃
စုစုပေါင်း အိမ်ထောင်စု				၈၄

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ရတနာအောင်ကျေးရွာ အိမ်ခြေ(၈၀)အိမ်ထောင်စု(၈၄)ရှိပြီး နို့တိုက်အရွယ် ကျား–၅ဦး၊ မ–၂ဦး၊ (၅)နှစ်အောက်ကလေး ကျား(၂၀)ဦး၊မ(၁၈)ဦး၊ မူလတန်းအဆင့် ကျား–၂၁ဦး၊မ–၁၁ဦး၊ အလယ်တန်းအဆင့်ကျား–၁၃ဦး၊ မ–၁၂ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ် ကျား–၁၂၀ဦး၊ မ–၁၃၀ဦး ရှိပြီး ၆၅နှစ်အထက် အရွယ်မှာ ကျား–၄ဦး၊ မ–၆ ဦးသာရှိပြီး မိသားစု ပြုစုစောင့်ရှောက်အောက်တွင် နေထိုင်လျက်ရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၅၉	၁၁၃	၈	မြင့်□ လတ် ✓ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၂၂	၄၁	၄	မြင့်□ လတ် □ နိမ့် ✓
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့်□ လတ် □ နိမ့် □
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၆		မြင့်□ လတ် □ နိမ့် ✓
	အလုပ်သမား / ဝန်ထမ်း				မြင့်□ လတ် □ နိမ့် □
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐ လတ် ☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐ လတ် ☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐ လတ် ☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐ လတ် ☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐ လတ် ☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐ လတ် ☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐ လတ် ☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐ လတ် ☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း	၈၄	၁၆၀	၁၂	☒

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု**၊ (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး**။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ရတနာအောင်ကျေးရွာသည် စိုက်ပျိုးရေးကိုအဓိထား၍ အသက်မွေးဝမ်းကျောင်းပြုသော ကျေးရွာဖြစ်ပါသည်။ ကျေးရွာရှိ အိမ်ထောင်စု(၅၉)စုတွင် (၁၁၃)ဦးသည် ကိုယ်ပိုင်စိုက်ပျိုးရေးကို အဓိထား၍ လုပ်ကိုင်ကြပြီး ကျန်အိမ်ထောင်စု(၂၂)အိမ်တွင်(၄၁)ဦးအဓိုးစိုက်ပျိုးရေးအလုပ်ကို အဓိထားလုပ်ကိုင်ကြပါသည်။ ကျေးရွာအတွင်း ဈေးသည်(၃)ဆိုင်(၆)ဦးလည်း ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်မှန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၅၀၀၀	၅၀၀၀	၄၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀		၆၀၀၀	
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့်လုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ရတနာအောင်ကျေးရွာသည် စိုက်ပျိုးရေးဖြင့် အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ကြပြီး လက်လုပ်လက်စားများသည်လည်း စိုက်ပျိုးရေးအင်္ဂါလုပ်ငန်းဖြင့် အသက်မွေးဝမ်း ကျောင်းပြုကြပြီး

လုပ်အားခနှုန်းထားမှာ အမျိုးသမီးနှင့် အမျိုးသားများသည် (၁၀၀၀)ဝန်းကျင်၌ ကွာခြားချက်ရှိပါသည်။ အများဆုံးလုပ်အားခနှုန်းထားသည် အမျိုးသား(၆၀၀၀) အမျိုးသမီး(၅၀၀၀)ဖြစ်ပြီး အနည်းဆုံးလုပ်အားခနှုန်းထားသည့် အမျိုးသား(၆၀၀၀) အမျိုးသမီး(၄၅၀၀)ကျပ် ဖြစ်ပါသည်။

(က) သဘာဝရင်းမြစ်များ

(က-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာ အရည်အသွေး**(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၆၁၀	ကောင်း ☐	သင့် ✓	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၆၁၀	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ရတနာအောင်ကျေးရွာတွင် ကိုင်းကျွန်းလယ်ယာမြေ(၆၁၀)ဧကရှိပါသည်။ ဧရာဝတီမြစ်ရေတက်သောကြောင့် နှုန်းမြေအသင့်တင့်ကျ၍ အထွက်နှုန်းမည့်ပါ။ အချို့သောမြေများတွင် သဘာဝမြေဩဇာများထည့်ပြီး ဟင်းသီးဟင်းရွက်နှင့် ကုန်စိမ်းသီးနှံများ အများအပြားစိုက်ပျိုးကြပါသည်။

(က-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဧယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ ✓	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ☐ သင့်☐ နည်း✓ မရှိ ☐	လွယ်☐ ခက်✓ အသုံးမပြုနိုင်ပါ ☐

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း ✓ မရှိ ☐	လွယ်☐ ခက်✓ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☐ မရှိ ✓	☒

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ရတနာအောင်ကျေးရွာပိုင်နှင့်အတွင်း တွင်းထွက်သယံဇာတများ မရှိပါ။ ကျေးရွာ၏နီးစပ်ရာတွင် သဲအနည်းငယ်ရှိသော်လည်း လွယ်လင့်တကူ မရှိနိုင်ပါ။ သဘာဝမျိုးစိတ်အနေဖြင့် ဆေးဘက်ဝင်အပင်များ အသင့်တင့်ရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၂ကနှင့်အထက်	၅ကနှင့်၁၂ကကြား	၅ကအောက်	မရှိ
အိမ်အခြေအနေ	တိုက်/ပျဉ်ထောင်	သွပ်မိုး/ပျဉ်ထောင်	သွပ်မိုး/ထရံကာ	သက်ကယ်မိုး/ ခြေတံရှည်
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	လက်တွန်ထွန်စက်	ကျွဲ၊ နွား	တောင်သူအင်္ဂါး	လက်လုပ် လက်စား
အဓိကစီးပွားရေး လုပ်ငန်း	စိုက်ပျိုးရေး	စိုက်ပျိုးရေး	စိုက်ပျိုးရေး	လက်လုပ် လက်စား
အိမ်ထောင်စု	၁၃	**၃၄**	၁၃	၂၄

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ရတာနာအောင်ကျေးရွာသည် အိမ်ထောင်စု(၈၄)စု ရှိပါသည်။ ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ပြီး ဥစ္စာဓနအဆင့်သတ်မှတ်ရာ အဆင်ပြေသော အိမ်ထောင်စု(A)အဆင့်အား (၁၂)ကနှင့် အထက်ရှိသူ တိုက်ပျဉ်ထောင်၊ သွပ်မိုးအိမ်(B)အဆင့်အား မြေပိုင်ဆိုင်မှု(၅)ကနှင့်(၁၂)ကြား၊ သွပ်မိုးပျဉ်ထောင် အိမ်ပိုင်ဆိုင်သူ(C)အဆင့် အိမ်ထောင်စုမှာ(၅)ကအောက်ရှိပြီး သွပ်မိုးထရန်ကာ(D)အဆင့်မှာ လက်လုပ်လက်စားနှင့် ကျဘန်းလုပ်ကိုင်သော သက်ကယ်မိုးခြေတန်ရှည် အိမ်ပိုင်ဆိုင်သူဟု၍ ကောက်ယူထားရှိပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

